# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 26 , 2023 Volume 66, Number 18

၂၆.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၃၄ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၆.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၅၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာ-တရုတ် ကုန်သွယ်ရေးလမ်းကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ



https://www.commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းမြို့ ပြည်သူ့အစိုးရတို့ ပူးပေါင်း၍ စတုတ္ထအကြိမ် မြန်မာ (နေပြည်တော်) – တရုတ် (လင်ချန်း) စီးပွားရေး ကုန်စည်ပြပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပလျက်ရှိရာ အဆိုပါကုန်စည်ပြပွဲနှင့် ဆက်စပ်၍ မြန်မာ-တရုတ် ကုန်သွယ်ရေးလမ်းကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို မေလ ၂၅ ရက်၊ (၁၅:၀၀) နာရီအချိန်တွင် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)ရှိ Plenary Hall ၌ ကျင်းပပြုလုပ် ခဲ့သည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရုံးမှ စီးပွားရေးသံမှူး Mr. Tan Sufu တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်လင်ချန်းမြို့ ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး လင်ချန်းမြို့ ပြည်သူ့အစိုးရမြို့တော်ဝန် Mr. Du Jian Hui က တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေးလမ်းကြောင်းသစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီ လုပ်ငန်းရှင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ တရုတ်လုပ်ငန်းရှင်များ စုစုပေါင်း (၂၀၀) ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%

## ငရုတ်သီးစိမ်းဈေးနှုန်း အတက်အကျမြန်ဆန်




ကုန်စည်ပို့ဆောင်ရေးစရိတ်များ ကြီးမြင့်မှုနှင့် ငရုတ်သီးစိုက်ခင်းများ ရေကြီး နစ်မြုပ်မှုတို့ကြောင့် ပြည်တွင်းစားသုံးသူဈေးကွက်တွင် ငရုတ်သီးစိမ်း ဈေးနှုန်း အတက်အကျမြန်ဆန်နေ၍ ဈေးခန့်မှန်းရခက်ခဲကြောင်း ငရုတ်သီးစိမ်းရောင်းဝယ်ရေး ကုန်သည်များမှ သတင်းရရှိသည်။

"အခုက ကုန်ကျစရိတ်တွေ အရမ်းများတယ်။ ပွဲစားတွေက ငရုတ်သီးစိမ်း သယ်စရိတ်နဲ့ ပြန်ရောင်းတဲ့ဈေးနဲ့ မကိုက်တော့ မတင်ခိုင်းတော့ဘူး။ ဒီတစ်ရက် တစ်ပိဿာ ၄၅၀၀ ပေးရပေမယ့် နောက်ရက် လေးငါးခြောက်ထောင် ဖြစ်ရင်ဖြစ်နေရော၊ မှန်းရခက်တယ်။ အခု တစ်ဖြတ် မိုးရွာလိုက်တော့ ငရုတ်ခင်းတွေ ရေနစ်တယ်ပြောတယ်" ဟု သီရိမင်္ဂလာဈေးတွင် ဖောက်သည်ယူရောင်းချနေသည့် ကုန်စိမ်းသည်တစ်ဦးက ပြောသည်။

ရန်ကုန် သီရိမင်္ဂလာဈေးကွက်တွင် အစိမ်းသီး တစ်ပိဿာ ၄၅၀၀၊ ကျောက်စိမ်းသီး ၅၅၀၀၊ ပီနံသီး (ဝါးတရာ) ၁၄၀၀၀ မှ ၁၆၀၀၀ အကြား ၊ ပီနံသီး (ပျဉ်းမနား) ၁၃၀၀၀ ခန့်ပေါက်ဈေးရှိပြီး ယခင်က ငရုတ်သီး တစ်ပိဿာလျှင် ၆၀၀၀ ကျပ်ခန့် ဈေးတက်ရာမှ ပုံမှန်ဈေးသို့ ပြန်လည်ရောက်ရှိခြင်းဖြစ်ကြောင်း သီရိမင်္ဂလာဈေးတွင် ရောင်းချနေသည့် မထက်မြတ်လင်းက ပြောသည်။

"အတက်အကျ အရမ်းမြန်တယ်။ အခုက မိုးဝင်တော့မယ်ဆိုတော့ ငရုတ်တွေ အပြိုင်ဆိုင် ခူးကြပြီလေ။ မြဝတီ ဘက်ကလည်း မိုးတွေရွာတော့ သွားမရဆိုတော့ ရန်ကုန်ချည်းပဲ စုဝင်တော့ ဈေးပြန်ကျတာပေါ့။ ဈေးပြန်ကျ တယ်လို့ ပြောလို့မရပါဘူး။ နဂို ပုံမှန်ဈေးကို ပြန်ရောက်တာပေါ့။ ဆောင်းရာသီ ငရုတ်သီးပေါချိန်ထက်စာရင် တော့ ဈေးပြန်တက်တာပေါ့။ အဲတုန်းက ငရုတ်သီး တစ်ပိဿာ ၇၀၀ ၊ ၈၀၀ လောက်ပဲ ပေါက်တာကိုး"ဟု မထက်မြတ်လင်းကပြောသည်။

သင်္ကြန်မတိုင်ခင်က ကျောက်စိမ်းသီး တစ်ပိဿာလျှင် ၂၀၀၀ ကျပ် ၊ အစိမ်းသီး တစ်ပိဿာလျှင် ၁၈၀၀ ကျပ်ရှိရာ မှ သင်္ကြန်လွန်တွင် ကျောက်စိမ်းသီး တစ်ပိဿာလျှင် ၄၅၀၀ ကျပ် ၊ အစိမ်းသီး တစ်ပိဿာလျှင် ၃၅၀၀ ကျပ်သို့ ဈေးပြန်တက်ခဲ့ကြောင်း ၊ ယင်းဈေးအတိုင်း ၁၅ ရက်ခန့် ပုံမှန်ရှိရာမှ ကုန်အဝင်နည်းသောကြောင့် ကျောက်စိမ်း သီး တစ်ပိဿာလျှင် ၆၀၀၀ ကျပ် ၊ အစိမ်းသီး တစ်ပိဿာလျှင် ၄၅၀၀ ကျပ်အထိ ဈေးမြင့်တက်ခဲ့ကြောင်း ၊ ယင်းမှ ဈေးပြန်ကျလာခြင်းဖြစ်ကြောင်း ငရုတ်သီးစိမ်း ရောင်းဝယ်သူများထံမှ သတင်းရရှိသည်။

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးတွင် ကျောက်စိမ်းသီး၊ ပီနံသီးတို့သာ အစားများပြီး မန္တလေးမြို့ ဈေးကွက်တွင် သာမို ၊ အာမို ငရုတ်သီးစိမ်းက အစားများကြသည်။ မန္တလေးမြို့ ငရုတ်သီးဈေးကွက်တွင် သာမိုအစပ်သီး တစ်ပိဿာလျှင် ၆၅၀၀ ကျပ်၊ အာမို ၄၅၀၀ ကျပ်၊ ကျောက်စိမ်းသီး ၅၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ယခင်ထက် ၁၀၀၀ ကျပ် ဈေးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း မန္တလေးမြို့ ကုန်စည်ဈေးကွက်မှ သတင်းရရှိသည်။

" ဒါက ပြန်ကျသွားတာ။ အရင်က ၁၃၀၀၀၊ ၁၁၀၀၀ ကျပ်လောက် ဈေးမြင့်ခဲ့တယ်။ အခု ပြန်ကျတာကနေ ပြန်တက်လာတာ။ မန္တလေးပွဲရုံတွေမှာတော့ အာမို၊ သာမိုတွေပဲ အသုံးများကြတယ်။ အဓိက လာတာတော့ ရွှေဘိုဘက်ကလာတာ။ အရောင်းဝယ်ကတော့ ကောင်းပါတယ်။ ပစ္စည်းရှားပြီး လိုချင်တဲ့သူပေါ်နေတာ" ဟု မယ်မိုး ကုန်စိမ်းရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းဈေးကွက်တွင် မိုးထောင်နှင့် ကျောက်စိမ်းသီးများသာ အရောင်းဝယ်ဖြစ်နေ ပြီး အောင်ပန်းငရုတ်သီး မိုးထောင်သီး တစ်ပိဿာလျှင် ၄၇၀၀ ကျပ် ၊ ကျောက်စိမ်းသီး တစ်ပိဿာလျှင် ၅၅၀၀ကျပ် ဈေးပေါက်၍ အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခင်ဈေးနှင့်နှိုင်းယှဉ်ပါက ၁၀၀၀ ဈေးတက်လာခြင်းဖြစ်ကြောင်း အောင်ပန်းမြို့ ကုန်စိမ်း ဈေးကွက်မှ သတင်းရရှိသည်။

"ပေါ်စတုန်းကတော့ ဈေးကျတာပေါ့။ အဲဒီကနေ ဈေးတက်လာတာ။ ပစ္စည်းကရှားတယ်။ အဝယ်ကများတော့ ဈေးပြန်တက်တဲ့သဘော၊ ဈေးကမငြိမ်ဘူး။ အတက်အကျများတယ်။ ၇ လပိုင်းလောက်ကျရင် ဈေးပြန်ကျမယ်ထင်တယ်"ဟု ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့ရှိ မယ်သူကုန်စိမ်းရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ငရုတ်သီးအစိမ်း လက်လီပေါက်ဈေးသည် ဒေသတစ်ခုနှင့် တစ်ခုပေါ်မူတည်ပြီး တစ်ပိဿာလျှင် ၈၀၀၀ နှင့် ၁၀၀၀၀ ကြားပေါက်ဈေးရှိကြောင်း ဈေးကွက်မှသတင်းရရှိသည်။ ငရုတ်သီးကို မြန်မာပြည်အနှံ့အပြားတွင် စိုက်ပျိုးကြသည်။ ငရုတ်သီး အစိမ်းဈေးကွက်တွင် ပီနံသီး၊ အစိမ်းသီး၊ ကျောက်စိမ်းသီး၊ မိုးထောင်သီး၊ သာမို၊ အာမိုတို့မှာ လူသုံး အများဆုံး အသီးများဖြစ်ပြီး အောင်ပန်း၊ အင်းလေး၊ ရွှေဘို၊ ပျဉ်းမနား၊ နေပြည်တော်၊ တပ်ကုန်း၊ ညောင်တုန်း၊ မန္တလေးမြို့မှ အသီးများသာ အရောင်းအဝယ်ဖြစ်လျှက်ရှိသည်။

(AMIA)

Source: Myanma Awba

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုတွင် ပဲနှင့်ဆန်/ဆန်ကွဲမှလွဲ၍ အခြားပို့ကုန်များ ပုံမှန်အတိုင်း လည်ပတ်နေ

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုကဏ္ဍတွင် ပဲနှင့် ဆန်/ဆန်ကွဲကို လက်ရှိတွင် တင်ပို့နိုင်ခြင်းမရှိသေးသော်လည်း အခြားပို့ကုန်များ ပုံမှန်အတိုင်း တင်ပို့နေကြောင်း မူဆယ်နယ်စပ်ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့် မတ်လမှစပြီး ပို့ကုန်ရငွေ ရာခိုင်နှုန်းသတ်မှတ်ချက် အပြောင်းအလဲကြောင့် နယ်စပ် ဆန်၊ ဆန်ကွဲတင်ပို့မှုမှာ ရာနှုန်းပြည့် တင်ပို့နိုင်ခြင်းမရှိတော့ဘဲ မေလတတိယပတ်အတွင်း၌ ပဲတင်ပို့မှုတွင်လည်း နယ်ကျော်တင်ပို့သည်ဟုဆိုကာ တရုတ်နိုင်ငံဘက်မှ ချိတ်ပိတ်မှုများကြောင့် ကုန်သည်များအနေဖြင့် အခက်အခဲများရှိနေကြောင်း သိရသည်။

ယင်းကဲ့သို့ အခက်အခဲများရှိနေသည့်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ပဲတင်ပို့မှုပြန်လည်များပြား လာစေရေး တရုတ်နိုင်ငံ၊ ရွှေလီအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ "ဆန်၊ ဆန်ကွဲကလွဲရင် ကျန်တဲ့ကုန်တွေကတော့ ပုံမှန်အတိုင်းလေးသွားနေတယ်။ ဖရဲ/သခွားကတော့ရှားသွားပြီ။ အခု သရက်သီးရာသီဆိုတော့ သရက်သီးကားတွေကတော့ သွားနေတယ်။ တရုတ်ဘက်ကလည်း သွင်းကုန်တွေက ပုံမှန်ဝင်ပါတယ်"ဟု မူဆယ် ၁၀၅ မိုင်ဇုန်မှ ကုန်သည်တစ်ဦးဖြစ်သူ ဦးမင်းသိမ်းကပြောသည်။

လက်ရှိတွင် မြန်မာဘက်မှ တရုတ်ဘက်သို့ နေ့စဉ်ကုန်ကားအစီးရေ (၁၀၀) ကျော်ခန့် တရုတ်ဘက်သို့ ဝင်ရောက်နေပြီး တရုတ်ဘက်မှ အစီးရေ (၁၀၀) ဝန်းကျင်ခန့် မြန်မာဘက်သို့ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အစ တစ်လအတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ်၊ လွယ်ကျယ်၊ ချင်းရွှေဟော်၊ ကံပိုက်တည်၊ ကျိုင်းတုံ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ စုစုပေါင်း ဒေါ်လာသန်း ၄၃၀ ကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၉၀ ကျော် ပိုမိုဆောင်ရွက်ထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source: Popular News Journal**

## တရုတ်နိုင်ငံသို့ နယ်စပ်လမ်းကြောင်းမှတဆင့် ပဲတီစိမ်းတင်ပို့မှု ရပ်တန့်နေ

တရုတ်နိုင်ငံဘက်ခြမ်းတွင် ပဲတင်ပို့မှုကို လက်ခံဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ (၃) ခုအား တရုတ်နိုင်ငံ၏ လက်ရှိ ကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ဥပဒေများကို ကျူးလွန်သည့်အတွက် စစ်ဆေးလျက်ရှိရာ ၎င်းတို့နှင့်သက်ဆိုင်သည့် ဝမ်တိန်၊ ရွှေလီရှိ ကုမ္ပဏီပိုင်ဂိုဒေါင်များကို ချိတ်ပိတ်ခံရသည့်အတွက် မြန်မာနိုင်ငံမှ တင်ပို့ထားသည့် ပဲတန်ချိန် (၁၀၀၀၀ )ပိတ်မိနေပြီး

လက်ရှိတွင် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပဲတီစိမ်းတင်ပို့မှု ရပ်တန့်နေကြောင်း တရုတ်-မြန်မာနယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ဝမ်တိန်ဂိတ်တွင် ပြီးခဲ့သည့် ဧပြီလ (၂၄) ရက်နေ့တွင် မြန်မာဘက်မှတင်ပို့သည့် ပဲမျိုးစုံတန်ချိန် (၁၀၀၀၀) ကျော်ကို သတ်မှတ်ထားသည့် နယ်မြေဒေသအား ကျော်လွန်တင်ပို့ရောင်းချခဲ့သည့်အတွက် တရုတ်ဘက်မှ ချိတ်ပိတ်ထားခြင်းဖြစ်ကြောင်းသိရသည်။ "သူတို့ကတော့ ယူနန်ကိုတင်ပို့တာဖြစ်တဲ့အတွက် ယူနန်ပြည်နယ်ထဲပဲ ရောင်းချခွင့်ရှိတာပေါ့။ အဲဒါကို သူတို့က ကွမ်ကျိုးနဲ့ ပြည်မထဲထိရောင်းကြတယ်။ အဲဒီလိုရောင်းချတာကလည်း ဟိုးအရင်ကတည်းကရှိတယ်။ အခုမှ ထဖမ်းတာ။ မြန်မာဘက်မှာ အခွန်အပြည့်အဝဆောင်ပြီးတော့ ဟိုဘက်ကိုပို့တာ။ ဟိုဘက်ရောက်တော့လည်း တရုတ်ဘက်က အခွန်ကို အပြည့်ဆောင်တယ်။ အဓိကနယ်ကျော်လို့ ဖမ်းတာ"ဟု မူဆယ် ၁၀၅ မိုင်မှ ကုန်သည်တစ်ဦးက ပြောပါတယ်။

အဆိုပါ ချိတ်ပိတ်ခံရသည့် ပဲတန်ချိန် (၁၀၀၀၀) ကျော်သည် မြန်မာဘက်ခြမ်းတွင် အခွန်ဆောင်ထားသည့် ပဲများဖြစ်ပြီး ယခုကဲ့သို့ ထိန်းသိမ်းခံထားရသည့်အတွက် နစ်နာမှုများရှိကြောင်းလည်း နယ်စပ်ကုန်သည်များကပြောပါသည်။ ထိန်းသိမ်းခံထားရသည့် တရုတ်နိုင်ငံဘက်ခြမ်းတွင်နေထိုင်သည့် မြန်မာကုမ္ပဏီဝန်ထမ်း (၃) ဦးအနက် မြန်မာကုန်သည်နှစ်ဦးမှာ ပြီးခဲ့သည့်တစ်ပတ်တွင် အာမခံဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံဘက်မှ တရုတ်သို့ ပဲ၊ နှမ်း တင်ပို့မှုကို ဧပြီလကုန်အထိ ခေတ္တရပ်တန့်ခဲ့သော်လည်း နောက်ပိုင်းတွင် မြေပဲဆန်နှင့် နှမ်းများတင်ပို့မှု ပြန်လည်လုပ်ဆောင်နိုင်ခဲ့ကြောင်း မူဆယ်နယ်စပ်ကုန်သည်များထံမှ စုံစမ်းသိရှိရပါသည်။

တရုတ်နိုင်ငံဘက်ခြမ်းတွင် ပဲ၊ နှမ်းများ ပိတ်မိနေမှုနှင့်ပတ်သက်၍ ဖြစ်စဉ်သိလျှင်သိချင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံ၊ ရွှေလီမြို့ ပြည်ပရေးရာဌာနသို့ မြန်မာကုန်သည်များ ဆုံးရှုံးနစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးရန် ညှိနှိုင်းအကြောင်းကြားစာ (၃) ကြိမ် ပေးပို့ခဲ့ပြီး စဉ်ဆက်မပြတ် ရွှေလီမြို့၊ ပြည်ပရေးရာဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေသလို တရုတ်နိုင်ငံ၊ ကူမင်းမြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးမှလည်း ယူနန်ပြည်နယ်၊ ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးသို့ မြန်မာကုန်သည်များ ဆုံးရှုံးနစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးရန် ညှိနှိုင်းအကြောင်းကြားထားကြောင်း စုံစမ်းသိရှိရပါသည်။

**Source: Popular News Journal**

## ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ လျှော့ချပေးရန် တရုတ်ထံတောင်းဆို

မြန်မာ့ပို့ကုန်ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိစေရန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ အကန့်အသတ် အတားအဆီးများ လျှော့ချပေးစေလိုကြောင်း စီမံ/ဘဏ္ဍာဝန်ကြီး ဦးဝင်းရှိန်က ပြောကြားခဲ့သည်။

ယနေ့ မေလ (၂၅) ရက်နေ့တွင် နေပြည်တော် MICC 2 တွင် ကျင်းပပြုလုပ်သည့် နေပြည်တော် – လင်ချန်း စီးပွားရေး ကုန်စည်ပြပွဲတွင် ၎င်းကအထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ''နှစ်နိုင်ငံကုန်သွယ်မှု အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းကို ပုံမှန်ဆောင်ရွက်ဖို့ တိုက်တွန်းပါတယ်''ဟု ၎င်းကဆိုသည်။

ယင်းအပြင် ချင်းရွှေဟော်-မိန့်တိန်ဒေသနှင့်ဆက်စပ်ပြီး လားရှိုး-မန္တလေး-နေပြည်တော်-ရန်ကုန်နှင့်ကျောက်ဖြူကတဆင့် ဘင်္ဂလားပင်လယ်အော်-အိန္ဒိယသမုဒ္ဒရာလမ်းကြောင်းအတိုင်း တတိယနိုင်ငံတွေထံ ကုန်သွယ်မှုတိုးချဲ့နိုင်မည့် အလားအလာကောင်းတွေရှိနေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ''တတိယနိုင်ငံတွေက တင်ပို့မယ့်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံမှတဆင့် တရုတ်နိုင်ငံအတွင်းပိုင်းဒေသများမှာရှိတဲ့ ပြည်နယ်တွေဆီ ပို့ဆောင်သယ်ယူနိုင်မှာပါ''လို့ စီမံ/ဘဏ္ဍာဝန်ကြီးကပြောသည်။

နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထောက်ပံ့ပို့ဆောင်ရေးများ ပိုမိုတိုးတက်စေရေး၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေရန် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းလည်းသိရသည်။ ထို့အပြင် နိုင်ငံအတွင်း အခြေခံအဆောက်အဦး မြှင့်တင်ရေးကိစ္စများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အထောက်အပံ့ အကူအညီများ တိုးတက်ဆောင်ရွက်သင့်ကြောင်းလည်း တိုက်တွန်းထားသည်။

**Source: Popular News Journal**

## အရှုံးပေါ်နေလို့ အစိုးရထံ အကူအညီတောင်းခံနေတဲ့ ဗီယက်နမ် ကြက်မွေးမြူရေးသမားများ




ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကြောင့် ဗီယက်နမ်နိုင်ငံရဲ့ ကြက်မွေးမြူရေးကဏ္ဍအပေါ် ကြီးကြီးမားမားသက်ရောက်ခဲ့ပြီး သွင်းအားစုတွေရဲ့ ဈေးနှုန်းက အဆမတန် မြင့်တက်လာခဲ့ပါတယ်။

တစ်ဖက်မှာတော့ ကြက်ဥ၊ ကြက်သားတွေရဲ့ ဈေးနှုန်းတွေက အနိမ့်အမြင့်ကြမ်းပြီး မွေးမြူရေးသမားတွေအနေနဲ့ လုပ်ရကိုင်ရခက်တဲ့ အနေအထားကို ရောက်နေတာပါ။ ဒါကြောင့် မွေးမြူရေးခြံတွေဟာ အရှုံးပေါ်နေခဲ့ပြီး ဒေဝါလီခံရတဲ့အခြေအနေကို ရှောင်ရှားနိုင်ဖို့ အစိုးရက ကူညီပေးသင့်တယ်လို့ တောင်းဆိုကြတာပါ။

တချို့အချိန်တွေမှာ ကြက်ဥ၊ ကြက်သားဈေးနှုန်းဟာ ထုတ်လုပ်မှုစရိတ်ရဲ့ သုံးပုံနှစ်ပုံလောက်ပဲ ရရှိခဲ့တယ်လို့ ဗီယက်နမ်ကြက်မွေးမြူရေးအသင်းက ဆိုပါတယ်။ တစ်ဖက်မှာလည်း ဗီယက်နမ်ရဲ့ ကြက်မွေးမြူရေးကဏ္ဍကို ကယ်တင်နိုင်ဖို့ နယ်စပ်ကနေ တရားမဝင်တင်သွင်းလာတဲ့ ကြက်နဲ့ကြက်မွေးမြူရေးထုတ်ကုန်တွေကို ထိထိရောက်ရောက် တားဆီးနိုင်ဖို့ လိုအပ်တယ်လို့ဆိုပါတယ်။

အထူးသဖြင့် နိုင်ငံအလယ်ပိုင်းနဲ့ တောင်ပိုင်းနယ်စပ်တွေကနေ လစဉ် ဥတုန်းကြက်မတွေ အမြောက်အများ တရားမဝင်ဝင်ရောက်လာနေတာပါ။ အဲဒီလို တရားမဝင်တင်သွင်းလာမှုက ရောဂါကူးစက်မှုကို ဖိတ်ခေါ်နေသလို တစ်ဖက်မှာလည်း ပြည်တွင်းအသားဈေးကွက်အပေါ် သက်ရောက်မှု ကြီးကြီးမားမား ဖြစ်ပေါ်စေပါတယ်။

မြန်မာနိုင်ငံမှာလည်း အခုလို အခြေအနေမျိုးကို ရင်ဆိုင်ကြုံတွေ့နေရတာ နှစ်အတော်ကြာပါပြီ။ တစ်ဖက်မှာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာသလို၊ တစ်ဖက်မှာက ကြက်နဲ့ ကြက်ဥတွေရဲ့ ခြံဝေါက်ဈေးနှုန်းက ထုတ်လုပ်မှုစရိတ်နဲ့နှိုင်းယှဉ်ရင် အင်မတန်နည်းနေသေးတဲ့ အခြေအနေပါ။ ဒီလိုအခြေအနေမှာ တခါတရံ နယ်စပ်ကနေ ဥတုန်းကြက်မတွေ၊ အေးခဲအသားထုတ်ကုန်တွေ တရားမဝင် ဝင်ရောက်လာပြီး ဈေးကွက်ထဲရောက်ရှိလာတာမို့ ဈေးနှုန်းကမောက်ကမဖြစ်ပြီး အရှုံးကို ပိုကြီးမားစေပါတယ်။

ဗီယက်နမ်မွေးမြူရေးသမားတွေရဲ့ တောင်းဆိုချက်အပေါ် ဗီယက်နမ်အစိုးရက ဘယ်လိုတုံ့ပြန်ဆောင်ရွက်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းသလို မြန်မာ့မွေးမြူရေးသမားတွေအရေးလည်း တစ်ဆက်တည်း ဆက်လက်စဉ်းစားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

**Source:** https://greenwaymyanmar.com/

## သကြားပေါက်ဈေးအရ ကြံတောင်သူများထံမှ ကြံတစ်တန်လျှင် ငွေကျပ် တစ်သိန်းအထက် တောင်သူများရလို

၂၀၂၂-၂၀၂၃ ခုနှစ် ကြံရာသီတွင် သကြားပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ပေါက်ဈေး ရောက်ရှိသည့်အတွက် ယင်းဈေးကွက်အပေါ်မူတည်၍ စက်ရုံများမှ ကြံတစ်တန်လျှင် ငွေကျပ် တစ်သိန်း အထက်ဈေးဖွင့် ဝယ်ယူသင့်ကြောင်း ကြံတောင်သူအချို့ထံက ပြောသည်။


သကြားတစ်ပိဿာ ငွေကျပ် ၂၀၀၀ ဝန်းကျင်ပေါက်ဈေးတွင် ကြံတစ်တန် ငွေကျပ် ၅၀၀၀၀ ဝန်းကျင် ဈေးဖွင့်ဝယ်ယူခဲ့ကြပြီးနောက် ၂၀၂၁-၂၀၂၂ တွင် သကြားဈေးမြင့်လာချိန် ကြံတစ်တန်လျှင် ငွေကျပ် ၉၀၀၀၀ နှင့်အထက် ဝယ်ယူပေးခဲ့သည်ဟု ဆိုသည်။ "စက်ရုံတွေက သကြားပေါက်ဈေးအပေါ်ကြည့်ပြီး ကြံဝယ်ဈေးသတ်မှတ်တယ်။ ခုလိုတစ်ပိဿာ ၃၀၀၀ ဝန်းကျင်ဈေးမှာ ကြံတစ်တန်ကို ငွေကျပ် ၉၀၀၀၀ လောက်ပေးတယ်။ နယ်မြေအလိုက် တချို့က တစ်သိန်းလောက်ထိ ပေးတာလည်း ရှိပါတယ်။ ဒါပေမယ့် လက်ရှိ သကြားပေါက်ဈေးနဲ့ဆိုရင် ကြံတစ်တန်ကို တစ်သိန်းအထက်ပေးဝယ်သင့်တယ်"ဟု ကသာခရိုင်၊ မောင်းကုန်းဒေသမှ ကြံတောင်သူ ဦးချိုတူးကပြောသည်။

သကြားစက်များသည် ယခုကြံရာသီတွင် စက်ရုံအရောက် ကြံတစ်တန်လျင် ငွေကျပ် ၉၀၀၀၀- ၁၀၀၀၀၀ ဝန်းကျင်ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ရာ သကြားပေါက်ဈေးအရ စက်ရုံများတွက်ခြေကိုက်သော်လည်း ကြံဝယ်ယူသည့်နှုန်းထားမှာ အချိုးမမျှနည်းပါးသဖြင့် လာမည့်ကြံရာသီတွင် ကြံတစ်တန်လျှင် ငွေကျပ် ၁၀၀၀၀၀ အထက်ဈေး ပေးဝယ်ယူသင့်သည်ဟု ကြံတောင်သူများထံမှ သိရသည်။

ကြံတောင်သူတစ်ဦးက သုံးသပ်ပြောကြားရာ၌ “ပြင်ပသကြားဈေးပေါ်မူတည်ပြီး စက်ရုံက ကြံဝယ်ဈေးသတ်မှတ်တယ်။ သကြားဈေးကောင်းရင် တစ်တန်အပေါ်မှာ ဘယ်လောက်နှုန်း တိုးပေးမယ်ဆိုတာမျိုးရှိတယ်။ လက်ရှိစက်ရုံတွေ ဝယ်ဈေးနဲ့ ဆိုရင် ကြံတောင်သူတွေအတွက် အဆင်ပြေပေမယ့် သကြားပေါက်ဈေးအရဆိုရင် ကြံဝယ်ဈေးက အချိုးအားဖြင့်နည်းတယ်”ဟု ဆိုသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (26.5.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,394 (Shares) | 20,231,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +100 | +1.23% | 8,100 | 8,200 | 8,100 | 349 | 2,827,200 | 33,109,694 | 271,500 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,900 | 5,458 | 16,097,350 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 53 | 386,900 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,400 | 401 | 575,850 | 29,664,613 | 43,014 |
| TMH | 00005 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 10 | 24,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,500 | -50 | -1.96% | 2,550 | 2,550 | 2,500 | 120 | 305,000 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +200 | +4.17% | 4,900 | 5,000 | 4,900 | 3 | 14,800 | 10,497,598 | 52,488 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 26th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.35 | +2.14 | +0.59% | 359.85 | 362.35 | 357.33 | 6,394 | 20,231,100 | 7 | 638,489 |

**Index chart**

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th May, 2023

| Trading Volume | Trading Value |
|---|---|
| 6,394 (Shares) | 20,231,100 (MMK) |

## Main Board

As of 1:00 pm, 26th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,394 (Shares) | 20,231,100 (MMK) |

| MYANPIX | 362.35 ▲ 2.14 |
|---|---|
| Total Volume (shares) | 6,394 |
| Total Value (MMK) | 20 mil |
| Listed Company | 7 |
| Market Cap. (MMK) | 638,489 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 50 |
| EFR | 00006 | 2,500 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 200 |

TIR